မြန်မာ

၂၀၁၇ ခုနှစ်တွင် ကလေးအလုပ်သမားပြဿနာ၏ အဆိုးဝါးဆုံးပုံစံကို အမြစ်ဖြတ်ဖယ်ရှားနိုင်ရေးအတွက် မြန်မာက ကြိုးပန်းလုပ်ဆောင်ခဲ့သော်လည်း ကလေးလုပ်အား အဓမ္မအသုံးချခြင်းတွင် ပါဝင် ပတ်သက်နေခဲ့သည်။ ကလေးအလုပ်သမား ပြဿနာကို ကိုင်တွယ်ဖြေရှင်းရန် ပဏာမခြေလှမ်းစတင်ခဲ့သော်ငြားလည်း မြန်မာအနေဖြင့် တိုးတက်လာခြင်းမရှိဟူသော သုံးသပ်ချက်ကိုသာ ရရှိခဲ့ရာ ယင်းမှာ နိုင်ငံပိုင် တပ်မတော်က ကလေးများအား စစ်သားအဖြစ် စုဆောင်းခြင်းလုပ်ရပ်ကြောင့်ဖြစ်ပြီး တစ်ခါတစ်ရံ အဓမ္မ သို့မဟုတ် အကျပ်ကိုင်ခြင်း နည်းလမ်းများဖြင့် စုဆောင်းခြင်းနှင့် ကလေးများကို တိုက်ပွဲများတွင် ပါဝင် တိုက်ခိုက်စေခြင်းများကြောင့် ဖြစ်သည်။ တပ်မတော်သည် ကလေးများကို စစ်မက်ဒေသများတွင် ပေါ်တာ အထမ်းသမားများ၊ သန့်ရှင်းရေးသမားများနှင့် ထမင်းချက်များအဖြစ်လည်း အဓမ္မ အလုပ်စေခိုင်းခဲ့သည်။ ထို့အပြင် မြန်မာလုံခြုံရေး တပ်ဖွဲ့များသည် ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် ရိုဟင်ဂျာများအပေါ် အကြမ်းဖက်မှုများကို ကျူးလွန်ခဲ့သည်။ ယင်းစစ်ဆင်ရေးများတွင် လူမျိုးစုလိုက် ရှင်းလင်းဖယ်ရှားရေးကို လုပ်ဆောင်ခဲ့သောကြောင့် ထောင်ပေါင်းများစွာသော ရိုဟင်ဂျာ ကလေးများသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိ ဒုက္ခသည်စခန်းများသို့ ရွှေ့ပြောင်း ခိုလှုံခဲ့ကြရာတွင် လုပ်အားခေါင်းပုံဖြတ်ခံရ၊ လိင်လုပ်ငန်းတွင် အသုံးချခံရနိုင်သည့် အခြေအနေများနှင့် ရင်ဆိုင်ကြရပြီး၊ တစ်ခါတစ်ရံ လူကုန်ကူးခံရခြင်းကြောင့် ယင်းအခြေအနေများနှင့် ကြုံတွေ့ကြရသည်။ ရခိုင်ပြည်နယ်အလယ်ပိုင်းတွင် ရိုဟင်ဂျာကလေးများသည် ပညာသင်ကြားခွင့် ငြင်းပယ်ခံထားရပြီး ယင်းသည် ကျောင်းများတွင် ခွဲခြားထားမှုနှင့် ခရီးသွား ကန့်သတ်ချက်များကြောင့် ဖြစ်သည်။ ၎င်းတို့မှလွဲလျှင် အစိုးရသည် ကလေးအလုပ်သမား ပြဿနာကို ကိုင်တွယ်ရာတွင် အောင်မြင်တိုးတက်မှု အချို့ရှိခဲ့ရာတွင် ကလေး အလုပ်သမား ပြဿနာကို ပူးတွဲဖြေရှင်းရန်အတွက် ကလေးအလုပ်သမားဆိုင်ရာ အမျိုးသားကော်မတီဖွဲ့ပြီး ကလေးအလုပ်သမားပပျောက်ရေး နိုင်ငံတော် စီမံချက်ကို အကောင်အထည်ဖော်ခြင်းတို့လည်း အပါအဝင် ဖြစ်သည်။ ၎င်းအပြင် အစိုးရ၏ ကလေးအလုပ်သမားဆိုင်ရာ နည်းပညာအလုပ်အဖွဲ့က ကလေးများလုပ်ကိုင်ရန် တားမြစ်ထားသည့် အန္တရာယ်ရှိသော အလုပ်ခွင်စာရင်းကို အပြီးသတ် ရေးဆွဲသတ်မှတ်ခဲ့သည်။ မြန်မာနိုင်ငံတွင် ကလေးများသည် အဆိုးဝါးဆုံးသော ကလေးအလုပ်သမားပုံစံများဖြင့် လုပ်ကိုင်နေခြင်းများလည်း ရှိရာတွင် လိင်လုပ်ငန်းများတွင် အသုံးချခံရခြင်းလည်း ပါဝင်ပြီး၊ တစ်ခါတစ်ရံ ၎င်းမှာ လူကုန်ကူးခံရခြင်းကြောင့် ဖြစ်သည်။ ကလေးများအား စစ်တပ်အတွက် စုဆောင်း အသုံးချခြင်းလုပ်ဆောင်ချက်အပေါ် သတ်မှတ်ထားသည့် ပြစ်ဒဏ်များသည် ကျူးလွန်သည့် ပြင်းထန်လှသော ရာဇဝတ်မှုနှင့် စာလျှင် လျော်ကန်မှု မရှိပါ။ ထို့အပြင် ဥပဒေပြဋ္ဌာန်းချက်များသည် အစိုးရမဟုတ်သော လက်နက်ကိုင်တပ်များက ကလေးများအား ၎င်းတို့စစ်တပ်အတွက် စုဆောင်း အသုံးချခြင်းကို တားမြစ်မထားပါ။

သတင်းပေးပို့ချက် အစီရင်ခံစာများအပေါ် အခြေခံ၍၊ မြန်မာနိုင်ငံတွင် အဆိုးဝါးဆုံးပုံစံဖြင့် ကလေးလုပ်အား အသုံးချမှု အပါအဝင် ကလေးအလုပ်သမား ပြဿနာကို အမြစ်ဖြတ် ဖယ်ရှားရေး လုပ်ဆောင်နိုင်သည့် အကြံပြုချက်များကို ရွေးထုတ်ထားပါသည်။

နယ်ပယ်	လုပ်ဆောင်ရန် အကြံပြုချက်	ခုနှစ်(များ) အကြံပြုချက်
ဥပဒေဆိုင်ရာ ပြဋ္ဌာန်းချက်	ကုလသမဂ္ဂ စီအာရ်စီ [ကလေးအခွင့်အရေးဆိုင်ရာ သဘောတူညီချက်] လက်နက်ကိုင် တိုက်ပွဲများတွင် လိုက်နာရမည့်	၂၀၁၆-၂၀၁၇

နယ်ပယ်	လုပ်ဆောင်ရန် အကြံပြုချက်	ခုနှစ်(များ) အကြံပြုချက်
	လုပ်ထုံးလုပ်နည်းနှင့် ကျင့်ဝတ်ဆိုင်ရာ ရွေးချယ်မှုကို လက်မှတ်ရေးထိုးရန်။	
	ကဏ္ဍတိုင်းတွင် အလုပ်လုပ်နိုင်သည့် အနိမ့်ဆုံး အသက် ၁၄ နှစ်ကို သတ်မှတ်ရန်။	၂၀၁၆-၂၀၁၇
	အန္တရာယ်ရှိသော အလုပ်အတွက် အနိမ့်ဆုံး အသက် ၁၈ နှစ် သတ်မှတ်ရန်။	၂၀၁၇
	ကလေးများအတွက် တားမြစ်ထားသည့် အန္တရာယ်ရှိသော အလုပ်အမျိုးအစားများတွင် အထည်ချုပ်စက်ရုံများ ကဲ့သို့သော ကလေးများ ပါဝင်လုပ်ကိုင်နေသည့် အန္တရာယ်ရှိသော အလုပ်အမျိုးအစား ကဏ္ဍနှင့် လုပ်ဆောင်မှုများကို ကျယ်ကျယ်ပြန့်ပြန့် ထည့်သွင်းရန်။	၂၀၁၆-၂၀၁၇
	အပြာကား ထုတ်လုပ်ခြင်း သို့မဟုတ် ကာမရာဂစိတ် ဖြစ်ပေါ်ရန် ပြသခြင်းအတွက် ကလေးများအား ရှာဖွေငှားရမ်းခြင်းနှင့် ကမ်းလှမ်းခြင်း အပါအဝင် ကလေးများအား လိင်လုပ်ငန်းတွင် အသုံးချမှုပုံစံ အားလုံးကို အသေအချာ တားမြစ်ရန်။	၂၀၁၆-၂၀၁၇
	ကလေးလူကုန်ကူးမှုဟု သတ်မှတ်နိုင်ရန်အတွက် အတင်းအကြပ် ပြုခြင်း၊ လိမ်ညာခြင်း သို့မဟုတ် အကျပ်ကိုင်ခြင်း ပြုလုပ်ကြောင်း ပြသရန် ဥပဒေအရ လိုအပ်ခြင်း မရှိစေရန်။	၂၀၁၇
	မူးယစ်ဆေး ထုတ်လုပ်သယ်ဆောင်ရာတွင် ကလေးများအား အသုံးပြုခြင်းကို ရာဇဝတ်မှုအဖြစ် သတ်မှတ်ပြီး တားမြစ်ပေးရန်။	၂၀၁၆-၂၀၁၇
	အသက် ၁၈ နှစ်အောက် ကလေးများအား အစိုးရမဟုတ်သော လက်နက်ကိုင်အဖွဲ့များက စစ်သားအဖြစ် စုဆောင်းခြင်းကို ရာဇဝတ်မှုအဖြစ် သတ်မှတ်ပြီး တားမြစ်ပေးရန်။	၂၀၁၆-၂၀၁၇
	နိုင်ငံတကာက သတ်မှတ်ထားသည့် စံနှုန်းများအတိုင်း ပညာမသင်မနေရ အသက်အရွယ် သတ်မှတ်ချက်သည် အလုပ်လုပ်နိုင်သည့် အငယ်ဆုံး အသက်ကန့်သတ်ချက်နှင့် တူညီမှုရှိစေရန်။	၂၀၁၆-၂၀၁၇
ပြဋ္ဌာန်း အကောင်အထည် ဖော်ရန်	ကလေးများအား တိုက်ပွဲများတွင် စစ်သားများအဖြစ် တပ်မတော်က ဆက်လက် အသုံးပြုနေခြင်းနှင့် တိုက်ပွဲဖြစ်နေသည့် နေရာများတွင် ကလေးများအား အဓမ္မ လုပ်အားပေး ခိုင်းစေခြင်းများကို တပ်မတော်က ရပ်စဲရန်။	၂၀၁၆-၂၀၁၇
	ရိုဟင်ဂျာ ကလေးများအား ကလေးအလုပ်သမားများ အဖြစ် အဆိုးဝါးပုံစံဖြင့် အသုံးချခံရမှုဆီသို့ တိုက်ရိုက်တွန်းပို့နေသည့် လုပ်ရပ်ဖြစ်သော ရိုဟင်ဂျာများအား လူမျိုးစုလိုက် ရှင်းလင်းဖယ်ရှားရေး လုပ်ဆောင်ချက်ကို ရပ်စဲရန်။	၂၀၁၇
	ကလေးစစ်သားစုဆောင်းမှုကို တားဆီးရန်အတွက် စစ်တပ်၏ စစ်သားစုဆောင်းရေး လုပ်ငန်းစဉ် ကြီးကြပ်မှုကို ပိုမို ကောင်းမွန်လာရန် ပြင်ဆင်ခြင်းနှင့် စောင့်ကြည့်စစ်ဆေးခြင်းတို့ ပြုလုပ်ရန်။	၂၀၁၇

နယ်ပယ်	လုပ်ဆောင်ရန် အကြံပြုချက်	ခုနှစ်(များ) အကြံပြုချက်
	ကလေးအလုပ်သမား စည်းမျဉ်းသတ်မှတ်ချက်များ အပါအဝင် အလုပ်သမားဆိုင်ရာ ဥပဒေများကို အကောင်အထည်ဖော်ရန် အတွက် အလုပ်သမားရေးရာ စစ်ဆေးရေး အရာရှိများကို လုံလောက်စွာ ငှားရမ်း လေ့ကျင့်သင်တန်းပေးရန်။	၂၀၁၆-၂၀၁၇
	ကလေးအလုပ်သမား သားကောင်များအဖြစ် အဆိုးဝါးဆုံး ကြုံတွေ့ခံစားခဲ့ရသည့် ကလေးများအား ပြန်လည်ထူထောင်ရေးနှင့် လူမှုအသိုင်းအဝိုင်းအတွင်း ပြန်လည်ဝင်ရောက်နိုင်ရေးအတွက် ဝန်ဆောင်မှု ပေးကမ်းနိုင်ရန် လူမှုဖူလုံရေးဌာနသည် ပြည့်စုံကုံလုံသော အရင်းအမြစ်များ ရရှိရန်။	၂၀၁၆-၂၀၁၇
	အလုပ်သမားရေးရာ စစ်ဆေးရေးဌာနနှင့် လူမှုဖူလုံရေး ဝန်ဆောင်မှုများအကြား လွှဲပြောင်းပေးရေး ယန္တရားတစ်ရပ်ကို တည်ဆောက်ရန်။	၂၀၁၆-၂၀၁၇
	အလုပ်သမားဆိုင်ရာ ဥပဒေ အကောင်အထည် ဖော်ဆောင်မှု အကြောင်း အချက်အလက်များကို ထုတ်ပြန်ရာတွင် အလုပ်သမား ရေးရာ စစ်ဆေးရေး ရုံပုံငွေနှင့် စစ်ဆေးထားသည့် အလုပ်နေရာ အရေအတွက်ကိုပါ ထည့်သွင်းရန်။	၂၀၁၆-၂၀၁၇
	ကလေးများအား စစ်တပ်အတွက် စုဆောင်းအသုံးပြုမှုဆိုင်ရာ ပြစ်ဒဏ်များသည် ကျူးလွန်မှု၏ ပြင်းထန်သည့် အတိုင်းအတာနှင့် အညီ လိုက်လျောညီထွေ ဖြစ်ရန်။	၂၀၁၇
	စစ်တပ်သို့ဝင်ရန် ကြိုးပန်းမှုအတွက် ကလေးများအား ပြစ်ဒဏ် ချမှတ်ခြင်းကို ရပ်တန့်ရန်နှင့် စစ်တပ်မှ ခွင့်ပြုချက်မရဘဲ ထွက်သွားကြသည့် ကလေးများအား ပြစ်ဒဏ်ချမှတ်ခြင်းကို ရပ်တန့်ရန်။	၂၀၁၇
	အစိုးရမဟုတ်သော လက်နက်ကိုင်အဖွဲ့များနှင့် ပတ်သက်သည်ဟု သံသယရှိသည့် ကလေးများအား ပြစ်ဒဏ်ချမှတ်ခြင်းကို ရပ်တန့်ရန်။ ယင်းကလေးများအား သင့်လျော်သော လူမှုဖူလုံရေးအဖွဲ့များသို့ လွှဲပြောင်းပေးရန်။	၂၀၁၇
	စုံစမ်းစစ်ဆေးသူများအား လေ့ကျင့်သင်ကြားပေးသည့် အချက်အလက်များ၊ စုံစမ်းစစ်ဆေးသူ အရေအတွက်၊ အဆိုးဝါးဆုံး ပုံစံဖြင့် ချိုးဖောက်ခံရသည့် ကလေးအလုပ်သမား အမှုများအတွက် တရားစွဲဆိုခြင်းများနှင့် ပြစ်ဒဏ်စီရင်မှုများကို ထုတ်ပြန်ရန်။	၂၀၁၆-၂၀၁၇
ပူးတွဲလုပ်ဆောင်ခြင်း	ပူးတွဲလုပ်ဆောင်ကြသည့် အဖွဲ့အစည်းများ၊ ဥပမာ ကလေး အခွင့်အရေးဆိုင်ရာ မြို့နယ်ကော်မတီများ၏ လုပ်ဆောင်ချက် သတင်းအချက်အလက်များကို ထုတ်ပြန်ရန်။	၂၀၁၇
အစိုးရ၏ မူဝါဒ	အဆိုးဝါးဆုံးပုံစံဖြင့် ချိုးဖောက်သော ကလေးအလုပ်သမား အသုံးချမှုအားလုံး အကျုံးဝင်သည့် မူဝါဒတစ်ရပ် ချမှတ်ရန်၊ ဥပမာ - အစိုးရနှင့် အစိုးရမဟုတ်သော လက်နက်ကိုင်အဖွဲ့များ အကြား တိုက်ပွဲများ၊ အန္တရာယ်ရှိသော အလုပ်များ၊ ကလေးများအား အဓမ္မ အလုပ်ခိုင်းစေခြင်းများနှင့် လိင်လုပ်ငန်းတွင် ကလေးများအား	၂၀၁၆-၂၀၁၇

နယ်ပယ်	လုပ်ဆောင်ရန် အကြံပြုချက်	ခုနှစ်(များ) အကြံပြုချက်
	အသုံးချခြင်းများ။	
လူမှုရေး အစီအစဉ်များ	ပြည်တွင်းအိုးအိမ်ရွှေ့ပြောင်းကြရသော နှင့် နိုင်ငံမဲ့ ဖြစ်ကြရသော ကလေးများ အပါအဝင် ကလေးများအားလုံး ပညာသင်ကြားခွင့် ရရှိရေးအတွက် အစီအစဉ်များ ချမှတ် အကောင်အထည်ဖော်ရန်။	၂၀၁၆-၂၀၁၇
	ရိုဟင်ဂျာများအပေါ် ကန့်သတ်ထားသည့် ကျောင်းတွင် ခွဲခြားထားခြင်း အပါအဝင် ပညာသင်ခွင့်၊ ခရီးသွားလာခွင့်နှင့် ကျောင်းအပ်ရန် လိုအပ်သော အထောက်အထားများ ထုတ်ပေးရန် ငြင်းဆိုသည့် ကန့်သတ်မှုများအားလုံးကို ဖယ်ရှားရန်။	၂၀၁၇
	အဆိုးဝါးဆုံးပုံစံအမျိုးမျိုးဖြင့် ကလေးများအား အလုပ်ခိုင်းစေမှု အားလုံးရပ်တန့်ရေးနှင့် ပတ်သက်၍ အစီအစဉ်များကို ချမှတ် အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ကလေးများအား အစိုးရနှင့် အစိုးရမဟုတ်သော လက်နက်ကိုင်အဖွဲ့များက စစ်သားအဖြစ် စုဆောင်းအသုံးပြုခြင်း၊ အဓမ္မ လုပ်အားပေး ခိုင်းစေခြင်းနှင့် လိင်လုပ်ငန်းတွင် ကလေးများအား အသုံးချခြင်း တို့ကို ထည့်သွင်းရန်။	၂၀၁၆-၂၀၁၇